# မျိုးဆက်တစ်ခု ဆုံးရှုံးခြင်း — မြန်မာနိုင်ငံတွင် စစ်အာဏာရှင်က ကလေးငယ်များကို ဖျက်ဆီး၍ မြန်မာ့အနာဂတ်ကို ဆုတ်ယုတ်ပျက်စီးစေပုံ

UNITED NATIONS HUMAN RIGHTS SPECIAL PROCEDURES
SPECIAL RAPPORTEURS, INDEPENDENT EXPERTS & WORKING GROUPS


မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်

၂၀၂၂ ခုနှစ် ဇွန်လ

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းချိန်မှအစပြု၍ မြန်မာစစ်အာဏာရှင်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုများတွင် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေအရ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ပါဝင်ပြီး** ကလေးသူငယ်အခွင့်အရေး သဘောတူစာချုပ်၊ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ သဘောတူစာချုပ်တို့ အပါအဝင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာ ပဋိညာဉ်များစွာကို ဖောက်ဖျက်လျက်ရှိသည်။ စစ်အာဏာရှင်အဖွဲ့၏ ရာဇဝတ်မှုများသည် မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များစွာကိုလည်း ချိုးဖောက်နေပါသည်။

**စိုးရိမ်ဖွယ် အချက်မှာ — စစ်အာဏာရှင်နှင့် ၎င်း၏ တပ်ဖွဲ့များကြောင့် မြန်မာကလေးငယ်များနှင့် မိသားစုများအနေဖြင့် စင်စစ်တွင် မည်မျှထိ ဆင်းရဲဒုက္ခခံစားရသည်ကို မည်သူမျှ မသိနိုင်ခြင်း ဖြစ်သည်။ ကလေးငယ်များအပေါ် ကြီးလေးသော ချိုးဖောက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်စစ်ဆေးရန်အတွက် ထူထောင်ထားသော စနစ်များမှာလည်း ပြင်းပြင်းထန်ထန် နှောင့်ယှက်ဖျက်ဆီးခံလိုက်ရသည်။**

> **“အရင်တုန်းကငှက်ကလေးတစ်ကောင်လိုလွတ်လွတ်လပ်လပ်ရှိတယ်လို့ ခံစားရပေမဲ့ အခုတော့လှောင်အိမ်ထဲရောက်နေသလိုပဲ။”**
>
> – ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦး၊ မကွေးတိုင်းဒေသကြီး



ဖြူလင်း* ၁၂ နှစ်၊ ရှမ်းပြည်နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခု၊ ဖြူလင်းသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ၌ ရှမ်းပြည်နယ်တွင် လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် အမေ၊ ညီမငယ်တို့နှင့်အတူ စစ်ဘေးရှောင်ခဲ့ရသည်။

## လက်နက်ကိုင်ပဋိပက္ခကြားမှ ကလေးငယ်များ

၂၀၂၂ ခုနှစ် ဇန်နဝါရီလ၌ မြန်မာစစ်သားများသည် ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် အမျိုးသား ကိုးဦးနှင့် ၁၃ နှစ်အရွယ်ယောကျ်ားလေးတစ်ဦးတို့ကိုဖမ်းဆီးခဲ့သည်။ နှစ်ရက်အကြာတွင် ၎င်းတို့၏ အလောင်းများကို မပေါက်ကွဲသေးသော မြေမြှုပ်မိုင်းတစ်လုံးနှင့်အတူ တွေ့ရှိခဲ့သည်။ စစ်အာဏာရှင်အဖွဲ့၏ အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည့် အဆိုပါယောကျ်ားလေး၏ အဖေဖြစ်သူက အထူးကိုယ်စားလှယ်အား ဤသို့ ပြောကြားခဲ့သည် –

> **“ရှေ့ဆက်ဖို့ ခက်နေပြီ။ ဒီအခြေအနေမှာ ဘာမှလုပ်လို့ မရဘူး။ ကျွန်တော်ရဲ့ အရာအားလုံး ဆုံးရှုံးသွားပြီ။ ကျွန်တော့်အိမ်ရော၊ အလုပ်ရော၊ ရွာရော၊ ကျွန်တော့်သားလေးရော။”**

**သတ်ဖြတ်ခြင်းနှင့် ကိုယ်လက်အင်္ဂါဆုံးရှုံးစေခြင်း** – စစ်တပ်နှင့် ၎င်း၏ မဟာမိတ်များကြောင့် ရာပေါင်းများစွာသော ကလေးငယ်များ သတ်ဖြတ်ခံကြရသည် သို့မဟုတ် ကိုယ်လက်အင်္ဂါဆုံးရှုံးကြရသည်။ အချို့သည် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်စဉ် ပစ်ခတ်သတ်ဖြတ်ခံရပြီး အချို့သူများမှာ သေဒဏ်ချမှတ်ခံရကာ အခြားသူများမှာမူ စစ်တပ်၏ လက်လွတ်စပယ် တိုက်ခိုက်မှုဒဏ်များကို ခံစားခဲ့ကြရသည်။

**ညှဉ်းပန်းနှိပ်စက်မှု** – စစ်အာဏာရှင်တပ်ဖွဲ့များသည် ကလေးငယ်များကို ရိုက်နှက်ခြင်း၊ ဖြတ်တောက်ခြင်း၊ အချွန်ဖြင့် ထိုးသွင်းခြင်း၊ ဆေးလိပ်မီးနှင့် တို့ခြင်း၊ ဒဏ်ဖြစ်စေသော အနေအထားဖြင့် ကြာမြင့်စွာ အတင်းအကျပ် နေခိုင်းခြင်း၊ ကွပ်မျက်မည့်ဟန်ပြု၍ ညှဉ်းပန်းခြင်းနှင့် အစာရေစာဖြတ်ခြင်းတို့ လုပ်ဆောင်ခဲ့ကြသည်။

အနည်းဆုံး **၃၈၂** — စစ်အာဏာသိမ်းချိန်မှအစပြု၍ **လက်နက်ကိုင်တပ်ဖွဲ့များကြောင့် သတ်ဖြတ်ခံခဲ့ရသော သို့မဟုတ် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသော** ကလေးငယ်များ

အနည်းဆုံး **၁၆** — ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက် မြန်မာ့တပ်မတော်နေ့တွင် **ဆန္ဒပြသူများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဖြိုခွင်းစဉ်** သေဆုံးခဲ့သော ကလေးငယ်များ

အနည်းဆုံး **၁၁၁** — ၂၀၂၁ ခုနှစ် နှင့် ၂၀၂၂ ခုနှစ် အစောပိုင်းသုံးလအတွင်း မြေမြှုပ်မိုင်းများကြောင့် **သေဆုံးခဲ့သော သို့မဟုတ် ထိခိုက်ဒဏ်ရာရခဲ့သော ကလေးငယ်များ**

အနည်းဆုံး **၁၄၂** — **စစ်အာဏာရှင်တပ်ဖွဲ့များ၏ ညှဉ်းပန်းနှိပ်စက်မှု ဒဏ်ခံခဲ့ရသော** ကလေးငယ်များ

**နေရပ်စွန့်ခွာတိမ်းရှောင်ခြင်း** – စစ်အာဏာရှင်အဖွဲ့၏ အရပ်သားများအပေါ် အကြင်အနာတရားကင်းမဲ့စွာ ပစ်မှတ်ထားတိုက်ခိုက်မှုနှင့် များပြားလှသော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နေရာအနှံ့အပြားတွင် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ကြရသည်။

ခန့်မှန်းခြေ **၃၈၅,၀၀၀** ဦးသော ကလေးငယ်များသည် **မြန်မာနိုင်ငံတွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရပြီး** အိမ်နီးချင်းနိုင်ငံများရှိ **ဒုက္ခသည်စခန်းများတွင် ကလေးငယ် ၅၀၀,၀၀၀** ကျော် တိမ်းရှောင်နေရသည်။

> **“စက်တင်ဘာလမှာ တိုက်ပွဲတွေ ဖြစ်တော့ အိမ်ကနေထပ်ပြီး ထွက်ပြေးရတယ်…. အထက်တန်းအောင်ပြီး တက္ကသိုလ် တက်ဖို့လည်း မတွေးနိုင်တော့ပါဘူး။ တစ်ခါတစ်လေကျရင် ကလေးတွေ အသတ်ခံရတာ၊ အဖမ်းခံရတာ၊ နေစရာအိမ် မရှိတော့တာ၊ ဒီလိုအဖြစ်အပျက်တွေအားလုံးက အိပ်မက်ဆိုးကြီးပဲဖြစ်ရင် ကောင်းမယ်လို့ တွေးမိတယ်။”**
>
> – ၁၅ နှစ်အရွယ် မိန်းကလေးတစ်ဦး၊ ကယားပြည်နယ်

**တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်ခြင်း** – စစ်အာဏာရှင်တပ်ဖွဲ့များသည် စစ်အာဏာသိမ်းချိန်မှ အစပြု၍ ကလေးငယ် ၁,၄၀၀ ကျော်ကို တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်ခဲ့သည်။

အနည်းဆုံး **၆၁** ဦးသော ကလေးငယ်များမှာ မိသားစုဝင်များအပေါ်ဖိအားပေးရန်စစ်အာဏာရှင်အဖွဲ့၏ **ဓားစာခံအဖြစ် ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသည်။**

## ပညာရေး

**မြန်မာစစ်တပ်သည် ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များ၊ အမြောက်လက်နက်ကြီးများ အသုံးပြု၍ စာသင်ကျောင်းများကို တိုက်ခိုက်ခဲ့သည်။**

ခန့်မှန်းခြေ **၇.၈ သန်း** — **ကျောင်းမတက်ရသော** ကလေးငယ်များ

အနည်းဆုံး **၂၆၀** — စစ်အာဏာသိမ်းချိန်မှအစပြု၍ **စာသင်ကျောင်းများနှင့်** ပညာရေးဝန်ထမ်းများအပေါ် **တိုက်ခိုက်မှုများ**

အနည်းဆုံး **၃၂၀** — စစ်အာဏာသိမ်းချိန်မှအစပြု၍ **စစ်တပ် သို့မဟုတ် လက်နက်ကိုင်အဖွဲ့များက စာသင်ကျောင်းများတွင် တပ်စွဲမှုများ**

လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပညာရေးအလျဉ်ပြတ်မှုသည် ကလေးငယ်များ၏ဘဝတစ်လျှောက်လုံးကိုထိခိုက်စေရုံသာမက မြန်မာ့စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းအပေါ် ရေရှည်အကျိုးသက်ရောက်စေမည်ဖြစ်သည်။ ကျောင်းပညာရေးကို ငြင်းဆိုထားသည့် ကလေးငယ်များသည် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ဖိစီးမှုများ ခံစားရနိုင်ခြေ ပိုများပြီး ကိုယ်ရေးကိုယ်တာနှင့် နိုင်ငံရေး ပဋိပက္ခများကို ဖြေရှင်းရန်အတွက် အကြမ်းဖက်နိုင်ခြေပိုများသည်။ ၎င်းတို့၏ ဝင်ငွေရရှိမည့် အလားအလာမှာလည်း လျော့ကျသွားသည်ဖြစ်ရာ လူကုန်ကူးမှု၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု နှင့် ကလေးလုပ်သားခိုင်းစေမှုကဲ့သို့ ခေါင်းပုံဖြတ်မှုများနှင့် အလွဲသုံးစားပြုမှုများ ပိုမိုကြုံတွေ့ရနိုင်ပါသည်။

**ပညာသင်ကြားခွင့် ပြန်လည်မရရှိပါက ထိုအန္တရာယ်များဆက်လက်ပေါင်းစုကြီးထွားလာပြီးအလားအလာရှိသော မျိုးဆက်တစ်ခု ဆုံးရှုံးသွားမည် ဖြစ်သည်။**

> **“အာဏာသိမ်းတော့ အသက် ၁၆ နှစ်ပဲ ရှိသေးတယ်။ အခု ဘဝတစ်ခုလုံးက ဇောက်ထိုးမိုးမျှော်တွေ ဖြစ်နေပြီ။ ဘဝမှာ တက္ကသိုလ်တက်မယ်....၊ အပြင်သင်တန်းတွေ တက်မယ်၊ ပြီးတာနဲ့အလုပ်တန်းလုပ်မယ်လို့ ရည်ရွယ်ထားတာ ။ ကိုယ့်ပိုက်ဆံကိုယ်ရှာဖို့ စိတ်ကူးထားတာ။ အခုတော့ အထက်တန်းတောင် မအောင်သေးဘူး။”**
>
> – ၁၇ နှစ်အရွယ် မိန်းကလေးတစ်ဦး၊ ကယားပြည်နယ်

> **“ဇွန်လမှာ ကျောင်းတွေ ဖွင့်တယ်။ တခြားကလေးတွေ ကျောင်းတက်တာမြင်တော့ သားလည်း တက်ချင်တယ်။ ဒါပေမဲ့ ကျောင်းနားမှာ သေနတ်သံတွေ၊ ဗုံးပေါက်တာတွေ ကြားတော့ ကြောက်တယ်။ ကျောင်းကြီး မီးလောင်ပြီး ကျောင်းသားတွေ သေသွားမှာ ကြောက်လို့ ကျောင်းကို ဗုံးဖောက်တာ၊ သေနတ်နဲ့ပစ်တာ မကြိုက်ဘူး။ ကျောင်းမှာ စစ်သားတွေနဲ့ ဗုံးပေါက်တာတွေ မရှိတော့ရင် ကျောင်းပြန်တက်ချင်တယ်။”**
>
> – ၉ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး၊ ကယားပြည်နယ်

## ကလေးငယ်များ၏ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ



ခန့်မှန်းခြေ **၄၆ %** — ၂၀၂၂ ခုနှစ်တွင် **ဆင်းရဲမွဲတေသော အိမ်ထောင်စုများ**

ခန့်မှန်းခြေ **၅ သန်း** — ၂၀၂၂ ခုနှစ်တွင် **လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်နေသော** ကလေးငယ်များ

ခန့်မှန်းခြေ **၄.၅ သန်း** — ၂၀၂၂ ခုနှစ်တွင် **စားနပ်ရိက္ခာမဖူလုံသော** ကလေးငယ်များ

**ဆင်းရဲမွဲတေမှုသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ ကလေးတပ်သားစုဆောင်းမှု၊ လူကုန်ကူးမှုနှင့် ကလေးလုပ်သား ခိုင်းစေမှုတို့ အပါအဝင် ဤစာတမ်းငယ်တွင် အလေးပေး ဖော်ပြထားသော လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ဖြစ်ပေါ်စေသည့် အရေးပါသော တွန်းအားတစ်ခု ဖြစ်သည်။** အထူးသဖြင့် မိန်းကလေးငယ်များ သည်ကလေးသူငယ် လက်ထပ်ထိမ်းမြားရန် နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် အတွက် လူကုန်ကူးခံရနိုင်ခြေ ပိုများသည်။ ဆင်းရဲမွဲတေမှုသည် စစ်အင်အားသုံးချုပ်ကိုင်မှုနှင့် မတည်ငြိမ်မှုတို့ကိုလည်း ကြီးထွားစေပြီး ဆယ်စုနှစ်များစွာတိုင် အကျိုး သက်ရောက်မှု ရှိနိုင်ပါသည်။

၂၀၂၁ ခုနှစ် မေလတွင် ပြင်းထန်သော တိုက်ပွဲများနှင့် စစ်တပ်၏ လက်လွတ်စပယ် တိုက်ခိုက်မှုများကြောင့် ချင်းပြည်နယ်၊ မင်းတပ်မှ နေရပ်စွန့်ခွာတိမ်းရှောင်ရသူများအနက် ကလေးငယ် ၃၀၀၀ ခန့် ပါဝင်သည်(A/76/314)။

**နောက်ပိုင်းတွင် စစ်တပ်သည် မြို့ဝင်လမ်းများကို ပိတ်ဆို့၍ ကူညီထောက်ပံ့ရေးယာဉ်တန်းများကိုလည်းတားဆီးခဲ့ပြီးမြို့ထဲမှ ရိက္ခာများကို လုယူဖျက်ဆီးခဲ့သည်။**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အခြားသော အလှူရှင်များသည် ကလေးငယ်များ၏ လူသားချင်း စာနာထောက်ထားမှု လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ခြင်းမရှိသဖြင့် ဆိုးရွားသော အကျိုးဆက်များ သက်ရောက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် မေလ ၂၉ ရက်နေ့အထိ ၂၀၂၂ ခုနှစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ် ဒေါ်လာ ၈၂၆ သန်း၏၁၀.၄ရာခိုင်နှုန်းကိုသာကတိပြုထောက်ပံ့ရသေးသည် ။ **ရန်ပုံငွေ မလုံလောက်မှုများကြောင့် ကလေးငယ်များအတွက် အသက်ကယ်အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိဟု လူသားချင်းစာနာ ထောက်ထားမှုအဖွဲ့များက အတည်ပြုပြောကြားသည်။**

## ကျန်းမာရေးနှင့် အာဟာရ

– ကယားပြည်နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုမှ မိခင်တစ်ဦးက သူမ၏ သားသမီးများ ကို ကျွေးမွေးရန် အဆင်မပြေကြောင်း ပြောပြခဲ့ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းထံမှ ထောက်ပံ့မှုများ မည်သည့်အချိန်တွင် ရရှိမည်ကို သိလိုကြောင်း ပြောခဲ့သည်

> **ကျွန်မတို့ လူကြီးတွေကတော့ တစ်နေ့တစ်နပ်နဲ့လည်း ရတယ်ဆိုပေမဲ့ အနည်းဆုံး ကလေးတွေ နပ်မှန်အောင် စားရဖို့ ကူညီပေးပါလားရှင်။ တချို့အနပ်တွေဆို ဆန်ပြုတ်ပဲ ကျွေးနေရတယ်။ သူတို့ကတော့ မညည်းညူပေမဲ့ အခြေခံထမင်းတောင် မကျွေးနိုင်တော့ စိတ်မကောင်းလို့ပါ။”**

> **“အရင်ကလို နပ်မှန်အောင် မစားနိုင်တော့ဘူး။ ဒီရက်ပိုင်းဆို ထမင်းနပ် လျှော့စားပြီး ပမာဏလည်း နည်းနည်းပဲ စားရတယ်။ အိမ်က အဖိုးအဖွားတွေက အကယ်၍ပြေးရရင် စားစရာရှိအောင် စားစရာချွေတာရမယ်လို့ပြောတယ်။ အရင်တုန်းကတော့ အကုန်လုံး တစ်နေ့သုံးနပ် စားကြတယ်။ အခုဆိုရင် တစ်နေ့မှာ အဖိုးအဖွားတွေက တစ်နပ်၊ လူငယ်တွေက နှစ်နပ်၊ ကလေးလေးတွေက သုံးနပ်စားတယ်။ အသားလုံးဝမပါဘူး။”**
>
> – ၁၇ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး၊ ကယားပြည်နယ်

စစ်အာဏာသိမ်းမှုသည် မြန်မာနိုင်ငံအနှံ့အပြားမှ ဒေသများနှင့် လူဦးရေများအားလုံးရှိ ကလေးငယ်များအတွက် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အကျပ်အတည်းများ ဖြစ်ပေါ်စေခဲ့သည်။ စစ်အာဏာရှင်အဖွဲ့သည် ဆေးဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပုဂ္ဂိုလ်များကို ထပ်ဖန်တလဲလဲ တိုက်ခိုက်လျက်ရှိသည်။ ပြည်သူ့ကျန်းမာရေး စနစ်ပြိုလဲသွားသဖြင့် ဆေးကုသမှု ခံယူခွင့်မှာလည်း သိသိသာသာ လျော့နည်းလာသည်။ ကာကွယ်ဆေးထိုးရန် အစီအစဉ်များအပါအဝင် မရှိမဖြစ် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများမှာလည်း ကမောက်ကမ ဖြစ်သွားသည်။ **ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍအပေါ် စစ်အာဏာရှင်၏ တိုက်ခိုက်မှုများနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အာဟာရဆိုင်ရာ အစီအစဉ်များ ပျက်ပြားမှုတို့ကြောင့် ကလေးငယ်များ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ထိခိုက်နစ်နာစေပါသည်။**

**ကာကွယ်ဆေးထိုးနှံမှု** – ပြီးခဲ့သည့်နှစ်တွင် ကလေးငယ် တစ်သန်းခန့်သည် ပုံမှန်ကာကွယ်ဆေးထိုးနှံခွင့် မရရှိခဲ့ပေ။ အထူးသဖြင့် နေရပ်စွန့်ခွာတိမ်းရှောင်ရနှုန်း မြင့်မားသော ဒေသများရှိ ကလေးငယ်များသည် ကာကွယ်ဆေးထိုးနှံခွင့် မရရှိပေ။ ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံအနှံ့ ဝက်သက်ကာကွယ်ဆေးထိုးနှုန်း မှာ ၉၁ ရာခိုင်နှုန်းမှ ၃၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။

ခန့်မှန်းခြေ
**၃၃,၀၀၀**

သော ကလေးငယ်များသည် ၂၀၂၂ ခုနှစ်တွင် ကာကွယ်ဆေး မထိုးနှံရမှုကြောင့် **ကြိုတင်ကာကွယ် ကုသနိုင်သော ရောဂါဖြင့် သေဆုံးနိုင်သည်။**

ခန့်မှန်းခြေ
**၁.၃ သန်း**

သော ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် သို့မဟုတ် နို့တိုက်မိခင် ၇၀၀,၀၀၀ ကျော် တို့သည် **အာဟာရဆိုင်ရာ ပံ့ပိုးကူညီမှုများ လိုအပ်နေသည်။**

**အာဟာရ** – အကူအညီထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ စစ်အာဏာရှင်အဖွဲ့၏ ပိတ်ပင်မှုသည် အာဟာရဆိုင်ရာ အစီအစဉ်များကိုပါ ပိတ်ပင်သည်အထိ ကျယ်ပြန့်လာသည်။ အကူအညီပေးရေး ဝန်ထမ်းများနှင့် စစ်အာဏာရှင်အဖွဲ့တို့၏ အပြန်အလှန်ဆက်သွယ်မှုများအရ စစ်ဘေးရှောင်များအတွက် "အသင့်စား" အစားအသောက်များကဲ့သို့ အာဟာရဖြစ်စေသော ပစ္စည်းများကို အတိုက်အခံ လက်နက်ကိုင်အဖွဲ့များ ရေရှည်တည်တံ့ရေးအတွက် အသုံးပြုမည်ကို ပူပန်ခြင်းဖြစ်ကြောင်း ဖော်ပြနေသည်။

## အဓိက အကြံပြုချက်များ

**ကုလသမဂ္ဂ လုံခြုံရေးကောင်စီ** –

- ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ဗီတိုအာဏာသုံး၍ ပယ်ချနိုင်ခြေရှိမှုသည် အခြားအဖွဲ့ဝင်နိုင်ငံများက ဆုံးဖြတ်ချက်တစ်ရပ်နှင့်စပ်လျဉ်း၍ စဉ်းစားသုံးသပ်ရန်၊ ဆွေးနွေးရန်နှင့် ဆန္ဒမဲပေးရန် ကောင်စီရှေ့မှောက် တင်သွင်းခြင်းကို အဟန့်အတားမဖြစ်စေသင့်ပါ။ ထိုကဲ့သို့သော ဆုံးဖြတ်ချက်တွင် ကျယ်ကျယ်ပြန့်ပြန့် လက်နက်ရောင်းချမှုအား ပိတ်ပင်ခြင်း၊ ပစ်မှတ်ထား စီးပွားရေးပိတ်ဆို့မှုများ နှင့် နိုင်ငံတကာ ရာဇဝတ်တရားရုံးသို့ လွှဲပြောင်းခြင်းတို့ ပါဝင်ချမှတ်သင့်သည်။

**နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အလှူရှင်များ** –

- ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်ကို အပြည့်အဝ ရန်ပုံငွေထောက်ပံ့ခြင်းအပါအဝင် မြန်မာနိုင်ငံရှိ ကလေးငယ်များအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီ တိုးမြှင့်ပေးအပ်ရန်။
- ရန်ပုံငွေများ လွှဲပြောင်းရန်၊ စစ်အာဏာရှင်တို့ထိန်းချုပ်ထားသော ဌာနများတွင် မှတ်ပုံတင်ခြင်းမှ ရှောင်ကြဉ်ရန် နှင့် ကန့်သတ်ထောက်ပံ့ငွေများကို ပင်မရန်ပုံငွေဆီသို့ အခါအခွင့်သင့်တိုင်း လွှဲပြောင်းရန် အစားထိုးနည်းလမ်းများ ချမှတ်ကျင့်သုံးခြင်းအပါအဝင် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် တီထွင်ဆန်းသစ်သော ဖြေရှင်းနည်းများ ကျင့်သုံးဆောင်ရွက်ရန်။

**အမျိုးသားညီညွတ်ရေးအစိုးရနှင့် ဒီမိုကရေစီ အတိုက်အခံ ခေါင်းဆောင်များ** –

- လက်နက်ကိုင်ပဋိပက္ခနှင့် အရပ်သားများအပေါ် ဆက်ဆံမှုဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်း၍ လမ်းညွှန်မှုပေးသော NUG – PDFလုပ်ထုံးလုပ်နည်းတစ်ရပ် အဆင့်မြင့်တိုးတက်လာအောင် ဆောင်ရွက်ရန်။
- PDF များနှင့် ထောက်ခံသူများအား အစိုးရပညာရေး၊ ကျန်းမာရေးစနစ်များနှင့် ပတ်သက်သူများအပေါ် ထိပါးနှောင့်ယှက်မှု၊ ခြိမ်းခြောက်မှု နှင့် အကြမ်းဖက်မှုများအားလုံး ရပ်စဲရန် တိုက်တွန်းခြင်းဖြင့် ပညာရေးတွင် နိုင်ငံရေးလွှမ်းမိုးမှုမရှိအောင် ဆောင်ရွက်ရန်။

**အဖွဲ့ဝင်နိုင်ငံများ** –

- ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်ကို အပြည့်အဝ ရန်ပုံငွေထောက်ပံ့ခြင်း၊ မြန်မာ့ဒုက္ခသည်များအတွက် ဒေသအလိုက် ထောက်ပံ့ကူညီမှုများ ပြတ်ပြတ်သားသား ပေးအပ်ခြင်းအပါအဝင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ သိသိသာသာ တိုးတက်အောင် အလေးထားဆောင်ရွက်ရန်။
- အဓိကဝင်ငွေရင်းမြစ်များကို ပိတ်ဆို့အရေးယူ၍ မြန်မာနိုင်ငံ၏ နိုင်ငံတော်ပိုင်ပစ္စည်းများကို ဖော်ထုတ်၊ သိမ်းဆည်းရန်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်စစ်အာဏာရှင်အဖွဲ့၏ ရက်စက်ယုတ်မာမှုများအတွက်ဘဏ္ဍာငွေရရှိမှုကိုဟန့်တားသော အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ရန်။

**မြန်မာစစ်အာဏာရှင်များ** –

- နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖျက်သိမ်းရန်၊ နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးရန်၊ တရားဝင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်တစ်ရပ် ခေါ်ယူခွင့်ပေးရန်နှင့် တရားဝင်အစိုးရဖွဲ့စည်းခွင့်ပေးရန်။
- အရပ်သားများ၊ စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများနှင့်ကျန်းမာရေးလုပ်သားများနှင့်အဆောက်အအုံများကို တိုက်ခိုက်မှုများ ရပ်ဆိုင်းရန်အတွက် ရှင်းလင်းပြတ်သားစွာ အမိန့်ပေးရန်။
- ကျောင်းသားများနှင့် ဆရာ၊ ဆရာမများက အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သည့်အတွက် ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းမပြုဘဲ စာသင်ခန်းသို့ ပြန်ခွင့်ပေးခြင်းအပါအဝင် ပညာရေးတွင် နိုင်ငံရေးလွှမ်းမိုးမှုမရှိအောင် ဆောင်ရွက်ရန်။

**အာဆီယံနှင့် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများ** –

- ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပေးအပ်ခြင်းအပါအဝင် လူသားချင်းစာနာထောက်ထားမှုအကူအညီ လိုအပ်နေသော လူဦးရေအားလုံးအတွက် အကူအညီပေးအပ်ရာတွင် လွယ်ကူချောမွေ့အောင် ပံ့ပိုးပေးရန်။
- မြန်မာစစ်တပ်၏ တရားဝင်မှုကို အခါအခွင့်သင့်တိုင်း ငြင်းပယ်၍ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပိုမိုချိတ်ဆက် ဆောင်ရွက်ရန်။
- မြန်မာနိုင်ငံမှ ဒုက္ခသည်များကို လက်ခံ၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လိုအပ်သော ပံ့ပိုးကူညီမှုများ ပေးအပ်ရန်။

**မြန်မာစစ်တပ်၊ PDF များ၊ EAO များနှင့် ပြည်သူ့စစ်များ အပါအဝင် အားလုံးသော လက်နက်ကိုင်အဖွဲ့များ** –

- အကူအညီထောက်ပံ့ရန်အတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဖြတ်သန်းသွားလာခွင့်လမ်းကြောင်းများ သတ်မှတ်ပေးရန်နှင့် ဒေသအားလုံးသို့ သွားရောက်ခွင့်ပေးရန်။
- စာသင်ကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ပညာရေးဆိုင်ရာ စီမံအုပ်ချုပ်သူများအပေါ် တိုက်ခိုက်မှုများအားလုံး ရပ်စဲရန် နှင့် စာသင်ကျောင်းများတွင် တပ်စွဲခြင်း သို့မဟုတ် စာသင်ကျောင်းများကို စစ်ရေးရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်။
- ကလေးတပ်သားစုဆောင်းခြင်းနှင့် ကလေးငယ်များကို အသုံးချခြင်းမှ ရပ်စဲရန်။